# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 7, 2020 Volume 27, Number 2


**၇.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၂US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၇၃/- ကျပ် |
| CBM Rate | = ၁၄၆၄.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၃၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၆.၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၁.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၁၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၇.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဘဏ်အချင်းချင်း ငွေကြေးဈေးကွက်ဆောင်ရွက်ချက် (Interbank Money Market Transaction) များနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ကျပ်နှင့် အမေရိကန်ဒေါ်လာ နှစ်မျိုးစလုံးဖြင့် ဆောင်ရွက်နိုင်မည်




ဘဏ်အချင်းချင်း ငွေကြေးဈေးကွက် ဆောင်ရွက်ချက် (Interbank Money Market Transaction)များ နိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ကျပ်နှင့် အမေရိကန်ဒေါ်လာ နှစ်မျိုးစလုံးဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနိုင်ငံတော် ဗဟိုဘဏ်က ညွှန်ကြားချက် ၂၂/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘဏ်၏ငွေဖြစ်လွယ်မှု စီမံခန့်ခွဲခြင်းကို အထောက်အကူ ဖြစ်စေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ (၄) (ဇ) အရ ငွေကြေးဈေးကွက် ဆောင်ရွက်ချက်များ စနစ်တကျနှင့် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ရန် ရည်ရွယ်၍ ဘဏ်အချင်းချင်း ငွေကြေးဈေးကွက် ဆောင်ရွက်ချက် (Interbank Money Market Transaction) များကို သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက် ရမည်ဖြစ်သည်။

အဆိုပါ သတ်မှတ်ချက်များတွင် ငွေထုတ်ပေးခြင်း (Fund Providing) တွင် ဘဏ်အချင်းချင်း ငွေထုတ်ချေးခြင်း (Bilateral Interbank Lending)၊ ဘဏ်အချင်းချင်း အပ်နှံငွေထားရှိခြင်း (Interbank Deposit Placing) နှင့် Bilateral Repurchase Agreement (Repo) ဖြင့် အစိုးရငွေချေး သက်သေခံလက်မှတ်များ ဝယ်ယူခြင်းများ ပါဝင်သည်။ ထို့အတူ ငွေလက်ခံခြင်း (Fund Receiving) တွင် ဘဏ်အချင်းချင်း ငွေချေးယူခြင်း (Bilateral Interbank Borrowing)၊ ဘဏ်အချင်းချင်း အပ်နှံငွေလက်ခံခြင်း (Interbank Deposit Receiving) နှင့် Bilateral Repurchase Agreement (Repo) ဖြင့် အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်းများ ပါဝင်သည်။ ဘဏ်အချင်းချင်း ငွေကြေးဈေးကွက် ဆောင်ရွက်ချက်များ ဆောင်ရွက်ရာတွင် ပြုလုပ်နိုင်သည့် အချက်များမှာ သက်တမ်းတစ်နှစ်ထက် မပိုသည့် ငွေထုတ်ပေးခြင်းနှင့် ငွေလက်ခံခြင်း နည်းလမ်းများကို မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ နှစ်မျိုးစလုံးဖြင့် ဆောင်ရွက်နိုင်သည်။ နှစ်ဦးနှစ်ဖက် ပြန်လည်

ဝယ်ယူရန် သဘောတူညီချက် အရ လုပ်ဆောင်ချက်များကို ဆောင်ရွက်ပါက နိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁၁/၂၀၁၇) နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ Transaction တစ်ခုစီ၏ သက်တမ်းစေ့ရောက်သည့် နေ့ရက် (Maturity Date) သည် ဘဏ်အလုပ်လုပ်ရက်တွင်သာ ကျရောက်စေရန် သတ်မှတ်ရမည်ဖြစ်ပြီး ဘဏ်ပိတ်ရက်တွင် ကျရောက်ပါက ယင်းပိတ်ရက်၏ ရှေ့ရက်သို့ ပြောင်းရွှေ့ သတ်မှတ်ရန်ဖြစ်သည်။ သက်တမ်းတစ်နှစ်ရှိ Fixed Deposit များအတွက် ရက်ပေါင်း ၃၆၅ ရက် (ရက်ထပ်နှစ် ဖြစ်ပါက ၃၆၆ ရက်) ထက်မပိုဘဲ သတ်မှတ်ရမည်။

ထို့ပြင် အတိုးနှုန်းပါရှိသည့်ပုံစံဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး အာမခံနှင့် အာမခံမဲ့ နှစ်မျိုးစလုံးဖြင့် ဆောင်ရွက်နိုင်သည်။ နိုင်ငံတော်ဗဟိုဘဏ် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၉ သည် ဘဏ်များမှ ဆက်သွယ်ဆောင်ရွက်နေသည့် Customer များသို့ ထုတ်ချေးသော ချေးငွေနှင့် စုဆောင်းငွေများအတွက် လိုက်နာရန် ညွှန်ကြားထားခြင်းဖြစ်သည်။ ဘဏ်အချင်းချင်း ချေးငွေသည် ညွှန်ကြားချက် ၁/၂၀၂၉ ဖြင့် သက်ဆိုင်ခြင်းမရှိ၍ ဘဏ်အချင်းချင်း ဆောင်ရွက်ရာတွင် ငွေထုတ်ပေးသည့် ဘဏ်နှင့် ငွေလက်ခံသည့်ဘဏ်တို့ နှစ်ဖက်ညှိနှိုင်း သဘောတူသည့် အတိုးနှုန်းဖြင့် ဆောင်ရွက်နိုင်သည်။

အစိုးရငွေချေး သက်သေခံလက်မှတ်များကို အာမခံအဖြစ် အသုံးပြုပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ Central Securities Depository Guidelines ပါ Haircut သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ အမေရိကန်ဒေါ်လာကို အာမခံအဖြစ် အသုံးပြုပါက Haircut အနည်းဆုံး ငါးရာခိုင်နှုန်းထက် မနိမ့်စေဘဲ နှစ်ဖက်ညှိနှိုင်း သဘောတူညီသည့် Haircut ဖြင့် ဆောင်ရွက်နိုင်သည်။ Interbank Money Market Transaction ကို အာမခံရယူခြင်း မပြုသည့်ပုံစံဖြင့် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၈/၂၀၁၇) နှင့်အညီ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်းကို လိုက်နာဆောင်ရွက်ရမည်။ ဤညွှန်ကြားချက်အရ ဆောင်ရွက်ချက်များကို IAS 32 နှင့် IFRS 9 ပါ သတ်မှတ်ချက်များအတိုင်း စာရင်းတင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဘဏ်အချင်းချင်း ငွေကြေးဈေးကွက် ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ FIDES (Financial Information Data Exchange System) ၏ Interbank Reporting Template ကို အသုံးပြုရန် Transaction ရှိသောနေ့တွင် နေ့စဉ်ပေးပို့ရမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၁၁/၂၀၁၇) ၏ အပိုဒ် (၄) အစား ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက် ရမည်ဖြစ်ပြီး နိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၆ ခုနှစ် ဧပြီ ၈ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၄/၂၀၁၆ ကို ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးလိုက်ကြောင်း အသိပေး ကြေညာထားသည်။

**Source:** https://news-eleven.com/article/152897

## မွေးမြူရေးအစာဈေးနှုန်းများ ယခင်နှစ်များထက် မြင့်တက်နေ




မွေးမြူရေး တိရစ္ဆာန်အစာများဖြစ်သော ပဲဖတ်၊ ပဲပုပ်ဖတ်၊ နှမ်းဖတ်နှင့် ဖွဲနုဈေးနှုန်းများမှာ ယခင်နှစ်များထက် ပိုမို မြင့်တက်နေကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက ပြောသည်။ လက်ရှိတွင် တိရစ္ဆာန်အစာဖြစ်သည့် ပြောင်း တစ်ခုတည်းသာ ဈေးနှုန်းကျဆင်းနေပြီး အခြားအစာ ကုန်ကြမ်းဈေးများ မြင့်တက် နေသည်။ ပဲဖတ်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၂၅၀ ပေါက်ဈေးရှိနေသည်။

ပဲဖတ်မှာ ၂၀၁၇ ခုနှစ်က ကျပ် ၁၀၅၀နှင့် ၂၀၁၈ ခုနှစ်က ကျပ် ၁၀၀၀ အထိသာ ပေါက်ဈေးရှိခဲ့သည်။ ယခုနှစ်တွင် ဈေးနှုန်းမြင့်တက်နေခြင်းသာမကဘဲ ပဲဖတ်ရှားပါးနေခြင်းကြောင့် ဝယ်ယူရန် ခက်ခဲသည့် အခြေအနေဖြစ်နေကြောင်း သိရသည်။ “ပဲဆန်ကို လုံးတီးလိုက် တရုတ်ဘက်က ယူနေတော့ ပဲဖတ်ကို ပေးတဲ့ ပြည်တွင်းက ဆီစက်တွေ မလည်ပတ်နိုင်တော့ဘူး။ ပဲဆန်ကိုလည်း ကျွန်တော်တို့ဘက်က တရုတ်နဲ့ယှဉ်ပြီး မဝယ်နိုင်ဘူးလေ။ ဝယ်နိုင်လို့ စက်လည်တယ်ပဲထားဦး၊ သူထုတ်လိုက်တဲ့ဆီက စားအုန်းဆီဈေးကို မယှဉ်နိုင်ဘူး။ ဈေးကွက်ထဲမှာ

ပဲဆီက စားအုန်းဆီကို ဘယ်လိုမှ ယှဉ်ပြီးရောင်းလို့မရဘူး။ ရှုံးလို့ ဆီစက်လည်း မလည်တော့ဘူး။ ရပ်လိုက်တယ်။ ဒါက သံသရာလည်နေတာ။ ပဲဖတ်ကို တတ်နိုင်သလောက် ထုတ်ပေမယ့်လည်း ဆီရောင်းလို့မရတဲ့အတွက် စက်တွေ မလည်ကြတော့ဘူး။ ပဲဖတ်က မြန်မာနိုင်ငံမှာ မရှိတာမဟုတ်ဘူး ရှိတယ်။ ထုတ်လည်း ထုတ်နိုင်တယ်။ ပြည်တွင်း၊ ပြည်ပ ပို့ကုန်ပိုင်းမှာ မျှတမှုမရှိဘူး။ ပြည်တွင်းကလည်း ဒါကိုမလိုက်နိုင်ဘူး” ဟု မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌ ဒေါက်တာသက်မှူးက ပြောသည်။

ပြည်တွင်း၌ နှမ်းဆီထုတ်လုပ်မှု မရှိတော့၍ နှမ်းဖတ်ရရှိမှုနည်းပါးလာပြီး အသုံးပြုမှုလည်း မရှိသလောက် ပါးသွားကြောင်း၊ လက်ရှိတွင် နှမ်းဖတ်ပေါက်ဈေး တစ်ပိဿာကျပ် ၁၀၀၀ မှ ၁၂၀၀ ခန့်ရှိသော်လည်း ဝယ်ယူရန် ကုန်ကြမ်း မရှိကြောင်း သိရသည်။ ပြည်တွင်း၌ အသုံးပြုနေသည့် ပဲပုပ်ဖတ်ကိုလည်း ပြည်ပနိုင်ငံများဖြစ်သည့် ဘရာဇီး၊ အိန္ဒိယ၊ အာဂျင်တီးနားနှင့် အမေရိကန်နိုင်ငံတို့ထံမှ မှာယူတင်သွင်းနေရပြီးတစ်ပိဿာပေါက်ဈေး ကျပ် ၁၂၅၀ မှ ၁၃၀၀ အထက်ဖြင့် ဝယ်ယူအသုံးပြုနေရကြောင်း သိရသည်။

ပဲပုပ်ဖတ်ကို ပဲဖတ်အစားထိုးအဖြစ် ဦးစားပေးအသုံးပြုလာကြသည့်အတွက် ပဲပုပ်ဖတ်ဈေးနှုန်းများမှာ တစ်စတစ်စ ပိုမိုမြင့်တက်လာကြောင်းသိရသည်။ ဖွဲနုဈေးနှုန်းမှာလည်း ၂၀၁၈ ခုနှစ်တွင် တစ်ပိဿာ ကျပ် ၃၀၀ ကျော်ရှိခဲ့ရာက ၂၀၁၉ ခုနှစ်တွင် ကျပ်၄၆၀ ကျော်ပေါက်ဈေးရှိပြီး တစ်ပေါင်ဈေးနှုန်း ကျပ် ၁၃၀ ကျော် ဖြစ်နေသည့်အတွက် မွေးမြူရေးလုပ်ငန်းများ တွက်ခြေမကိုက်သောကြောင့် ဖွဲနုအစား ဂျုံဖွဲနုကို အစားထိုးရောနှော အသုံးပြုလာကြကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အစာသန့်ထုတ်လုပ်သည့် စက်ရုံပေါင်း ၃၀ ခန့်ရှိပြီး ၎င်းစက်ရုံများက နိုင်ငံအနှံ့အပြားသို့ ဖြန့်ဖြူးနေသည်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကလည်း မွေးမြူရေးလုပ်ငန်းသုံးအစာများကို တရားမဝင် တင်ပို့နေသည့်အတွက် ထိန်းချုပ်တားဆီးပေးရန် လိုအပ်ကြောင်း မွေးမြူရေးလုပ်ငန်းသုံး အစာထုတ်လုပ်သူများက ပြောသည်။

ထို့ပြင် တိရစ္ဆာန်အစာဈေးကွက်၌ မကြာခဏ ကြုံတွေ့ရလေ့ရှိသည့် အစာမလုံလောက်ခြင်း၊ ပြည်တွင်းက စိုက်ပျိုးရေး ထွက်ကုန်များကို ပြည်ပနိုင်ငံသို့ တရားမဝင်တင်ပို့နေခြင်းများကြောင့် မွေးမြူရေးလုပ်ငန်းသုံး အစာကုန်ကြမ်းများကို ပြည်တွင်း၌ စီမံကိန်းချမှတ်စိုက်ပျိုးသင့်ကာ ပြည်တွင်း၌ အစာလိုအပ်ချက်ရှိပါက ပြည်ပတင်သွင်းမှု ကန့်သတ်ချက်များ ဖြေလျှော့ပေးရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။ အစာဈေးနှုန်းအများစုမှာ မြင့်တက်နေပြီး ပြောင်းဈေးနှုန်းမှာ ကျဆင်းနေသောကြောင့် ပြည်တွင်းက ထွက်ရှိသည့် ပြောင်းများကို ထိုင်းနိုင်ငံသို့ တရားဝင်ရောင်းချရန် သဘောတူလက်မှတ် ရေးထိုးမည်ဖြစ်ကာ ၎င်းလုပ်ငန်းများ လုပ်ကိုင်ပြီးပါက မြဝတီမြို့ကတစ်ဆင့် တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်းထံမှ သိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်,http://htwettoe.com/article-details/news/8541549

## တစ်ဝက်တစ်ပျက် ပြုပြင်ထားသော မြန်မာ့သရက်သီး တန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ အထိ တရုတ်နိုင်ငံသို့ တင်ပို့မည်

တစ်ဝက်တစ်ပျက် ပြုပြင်ထားသော မြန်မာ့သရက်သီး တန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ အထိ တရုတ်နိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့သရက်သီးများ တင်ပို့နိုင်ရေးအတွက် နန်နင်းမြို့ရှိ မြန်မာ စီးပွားရေးသံမှူးရုံးတွင် ပြီးခဲ့သည့် ဒီဇင်ဘာ ဒုတိယပတ်တွင် မြန်မာနိုင်ငံမှ Myanmar Golden Produce co.,Ltd နှင့် တရုတ်နိုင်ငံမှ Gangxi Bao Saurce Garden food Co.,Ltd တို့အကြား နားလည်မှု စာချွန်လွှာတစ်ခုကို ရေးထိုးခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသော တစ်ဝက်တစ်ပျက် ပြုပြင် ထုတ်လုပ်ထားသော သရက်သီးများကို တင်ပို့ရောင်းချ နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ခြင်းဖြစ်သည်။ ၎င်းနားလည်မှု စာချွန်လွှာအရ ၂၀၂၀ ပြည့်နှစ် မေမှ ၂၀၂၃ ခုနှစ် ဩဂုတ်အကြား မြန်မာနိုင်ငံမှ တစ်ဝက်တစ်ပျက် ပြုပြင်ထုတ်လုပ်ထားသော သရက်သီးကုန်ကြမ်း မက်ထရစ်တန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြားကို မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းမှ တရုတ်နိုင်ငံ ချင်ကျိုးဆိပ်ကမ်းသို့ အအေးခန်းကုန်သေတ္တာများဖြင့် တင်ပို့ရောင်းချသွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထိုသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသော ကုမ္ပဏီနှစ်ရပ်တို့အကြား ထုတ်လုပ်မှု နည်းပညာ၊ ဈေးနှုန်းနှင့် အရည်အသွေးစံချိန်စံနှုန်းများကို ဆက်လက်ဆွေးနွေး သွားကြမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ မြန်မာနိုင်ငံမှ တင်ပို့သော သရက်သီးမှာ တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းတွင် ပါဝင်ပြီး ဖြစ်ကာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ တင်ပို့မှုကို ခွင့်ပြုထားသည်။ တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းတွင် ပါဝင်ပြီး ဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းမှ တင်ပို့ခွင့်ရ/မရနှင့် ဆိပ်ကမ်းမှ တင်ပို့ပါက အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ မည်သည့် လိုအပ်ချက်များ ဆောင်ရွက်ပေးရမည်ကို တရုတ်နိုင်ငံ နန်နင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးရုံးမှ အစိုးရဌာနအချင်းချင်း ချိတ်ဆက်လျက် ဆက်လက် မေးမြန်းကာ နှစ်နိုင်ငံ ကုန်သွယ်မှုမြင့်တင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အကောက်ခွန်စာရင်းတွင် ပါဝင်ပြီးဖြစ်သည့် သစ်သီးဝလံများကို ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ရေး အတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရဌာနဘက်မှ ဆောင်ရွက်ပေးရမည့်အချက်များ ရှိပါကလည်း အချိန်နှင့် တစ်ပြေးညီ မြန်မာနိုင်ငံ အစိုးရဌာနများသို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နန်နင်းမြို့ရှိ စီးပွားရေးသံမှူးက ပြောကြားသည်။

**Source:** https://news-eleven.com/article/152633

## အိန္ဒိယနိုင်ငံသို့ မြန်မာ့ပဲမျိုးစုံ စဉ်ဆက်မပြတ်တင်ပို့ နိုင်ရေးဆွေးနွေး



မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ စဉ်ဆက်မပြတ် တင်ပို့သွားနိုင်ရေးနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် အိန္ဒိယနိုင်ငံ Chennai မြို့ရှိ မြန်မာ ကောင်စစ်ဝန် Prof. Ranganathan J နှင့်အဖွဲ့ တို့ကို ဇန်နဝါရီ ၃ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား စဉ်ဆက်မပြတ် တင်ပို့သွားနိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အချင်းချင်း နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်နိုင်စေရေး တို့အတွက် ကုန်စည်ပြပွဲများ ပူးတွဲကျင်းပခြင်းနှင့် အပြန်အလှန်ဖိတ်ကြားခြင်းတို့ ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍများ တိုးချဲ့နိုင်ရေးတို့ကိုလည်း ဆွေးနွေး ခဲ့ကြသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံအတွင်း မတ်ပဲတင်သွင်းခွင့်ကို တန်ချိန်လေးသိန်း သတ်မှတ်ထားပြီး တန်ချိန် တစ်သိန်းခွဲကို တင်ပို့ပြီးဖြစ် ကာ တင်သွင်းရန်ကျန်ရှိနေသည့် တန်ချိန်နှစ်သိန်းခွဲကို ဆက်လက် တင်သွင်းခွင့်ပြုထားရာ ယခုနှစ် မြန်မာပဲစိုက် တောင်သူများအတွက် ဈေးကောင်းရနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/133359.html

## အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှပဲမျိုးစုံအား စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးအပါအဝင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေး



အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှပဲမျိုးစုံအား စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး အပါအဝင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှု မြှင့်တင်နိုင်ရေး အတွက် ဆွေးနွေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် အိန္ဒိယနိုင်ငံ Chennai မြို့ရှိ မြန်မာကောင်စစ်ဝန် Prof. Ranganathan J နှင့် အဖွဲ့အား ဇန်နဝါရီ ၃ ရက်က စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ယခုကဲ့သို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယင်းသို့တွေ့ဆုံစဉ် အိန္ဒိယသို့ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား စဉ်ဆက်မပြတ် တင်ပို့သွားနိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးသည်။ လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့

ပဲမျိုးစုံတန်ချိန် ၁၂၀၀၀၀ တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅၇ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူထက် တင်ပို့မှုတန်ချိန် ၈၀၀၀၀ ခန့် လျော့ကျခဲ့သော်လည်း ဈေးနှုန်း မြင့်တက်ခဲ့သဖြင့် ဝင်ငွေ ဒေါ်လာငါးသန်း ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁၂၀၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅၇ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင်မူ ပဲမျိုးစုံတန်ချိန် ၃၀၀၀၀၀ တင်ပို့မှုမှ ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၅၂ သန်းသာ ရရှိထားသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှု တန်ချိန် ၈၀၀၀၀ ခန့် လျော့ကျ ခဲ့သော်လည်း ဝင်ငွေ အမေရိကန်ဒေါ်လာ ငါးသန်းအထိ ပိုမိုရရှိထားကြောင်း သိရသည်။

“ ပဲမျိုးစုံကတော့ လက်ရှိဘဏ္ဍာနှစ်မှာ ဒေါ်လာ ၁၅၇ သန်းပေါ့။ ယခင်ကာလတူက ဒေါ်လာ ၁၅၂ သန်းဆိုတော့ ဒေါ်လာ ငါးသန်းလောက်ပိုတယ်။ တန်ချိန် ၂၁၀၀၀၀ ကျော်ပေါ့၊ ကာလတူက ၃၀၀၀၀၀ဆိုတော့ ကာလတူနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၈၀၀၀၀ လောက်တော့ နည်းတယ်။ တန်ချိန်နည်းတယ်ဆိုပေမဲ့ ဈေးနှုန်းတက်တဲ့ အတွက်ကြောင့် တန်ဖိုးကတက်တာ” ဟု ဦးခင်မောင်လွင်က ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့် ပဲအမျိုးအစား သုံးခုကို ပြည်ပသို့ အများဆုံး တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအနက် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့် ဥရောပ နိုင်ငံအချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၁၅-၂၀၂၀ နိုင်ငံခြား ကုန်သွယ်မှုမူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲအား ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနက သတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကိုတာ တန်ချိန် လေးသိန်းအထိ ကန့်သတ် တင်သွင်းခွင့်ပြုလိုက်ကြောင်း ယခု ကန့်သတ်ချက်သည် အိန္ဒိယအစိုးရက နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ် ရေးထိုးထားရှိသည့် နားလည်မှု စာချွန်လွှာ (MoU) များနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ဖော်ပြထားသည့် အမိန့်ကြော်ငြာစာကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Source:** https://news-eleven.com/article/152608

## တတိယအကြိမ်မြောက် ကချင်ပြည်နယ် ကျောက်မျက်ရတနာပြပွဲ ငါးရက်တာပြုလုပ်မည်



မြန်မာကျပ်ငွေဖြင့် ရောင်းချမည့် တတိယအကြိမ်မြောက် ကချင်ပြည်နယ် ကျောက်မျက်ရတနာပြပွဲကို ကချင်ပြည်နယ် အစိုးရ၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ သိရသည်။

နိုင်ငံခြားသားများအနေဖြင့် ကျောက်စိမ်းအချောထည်များကိုသာ ဝယ်ယူခွင့်ရရှိမည်ဖြစ်ပြီး ကျောက်စိမ်း အရိုင်းတုံးနှင့် ကျောက်စိမ်းဖြတ်သားများကို မြန်မာကျပ်ငွေဖြင့်သာ ရောင်းချသွားမည်ဖြစ်သည့်အတွက် နိုင်ငံခြားသားများအနေဖြင့် ဝယ်ယူနိုင်ရန် အခက်အခဲရှိမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ ပေါင်း ၂၀၀၀ ကျော်ပြသရောင်းချနိုင်ရန် မျှော်မှန်းခဲ့သော်လည်း အတွဲပေါင်း ၄၀၀ ကျော်သာ ပြသရောင်းချနိုင်ခဲ့ခြင်းကြောင့် ယခု တတိယအကြိမ်ပြပွဲကို ကျောက်လုပ်ငန်းရှင်များ အသင်း(မြစ်ကြီးနား)မှ တင်ပြတောင်း ဆိုထားချက်အရ ကချင်ပြည်နယ်အစိုးရက ဦးစီးကျင်းပခြင်းဖြစ်သည်။ကချင်ပြည်နယ်၏ ပထမအကြိမ် ကျောက်မျက်ရတနာပြပွဲကို ၂၀၁၈ ခုနှစ် မတ်လနှင့် ဒုတိယအကြိမ် ကျောက်မျက်ရတနာပြပွဲကို ၂၀၁၉ ခုနှစ် ဧပြီလတို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တတိယအကြိမ် ကျောက်မျက် ရတနာ ပြပွဲကို စီတာပူရပ်ကွက် စက်မှုဇုန်အတွင်းရှိ ကျောက်မျက်ဝင်းတွင် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Source: https://myanmar.mmtimes.com/news/133414.html

## ကလေးဒေသထွက် မွေးမြူရေးငါးများ မြန်မာ-အိန္ဒိယနယ်စပ်သို့ စတင် တင်ပို့

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသထွက် မွေးမြူရေးငါးများကို မြန်မာ-အိန္ဒိယနယ်စပ် တမူးနယ်စပ် ဈေးနှင့် ချင်းပြည်နယ် ရိဒ်နယ်စပ် ဈေးကွက်သို့ တင်ပို့အရောင်းအဝယ် ပြုလုပ်နေပြီဖြစ်ကြောင်း ဒေသတွင်း ငါးမွေးမြူရေး ကန်ပိုင်ရှင်တစ်ဦးက ပြောသည်။ ကလေးမြို့နယ်တွင် ငါးမွေးမြူသည့် ငါးကန်ကေပေါင်း ၃၇၇ ဒသမ ၆၇၉ ကေရှိပြီး ငါးမွေးကန် လုပ်ငန်း လုပ်ကိုင်သူပေါင်း ၂၆၂ ဦး၊ ငါးကန် ၅၀၄ ကန်ရှိပြီး ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ၊ မြစ်စားငါး အမျိုးအစားတို့ကို အများဆုံး မွေးမြူကြောင်း သိရသည်။ "ကျွန်တော်တို့ ကလေးမြို့ ငါးမွေးကန်တွေက ထွက်ရှိတဲ့ ငါးတွေကို ငါးကျပ်တင်ခြောက် လုပ်ပြီးမှ တစ်ဖက် နိုင်ငံကို တင်ပို့ ရောင်းချတယ်။ အခု ရက်ပိုင်းမှာတော့ နှစ်သစ်ကူး၊ ခရစ္စမတ် ရာသီ ဖြစ်တဲ့အတွက် နယ်စပ်ဘက်ကို တင်ပို့ဖို့ ငါးကန်တွေ ဖော်ပြီးရောင်း ကြတာများတယ်။ ငါးကန်တွေ အဖော်များတာကတော့ ဆောင်းနဲ့ နွေ ကာလ ဖြစ်ပါတယ်" ဟု ကလေးမြို့နယ် မြို့လှ ရွာမှ ငါးမွေးကန်ပိုင်ရှင် ဦးလားထန်းငါ က ပြောသည်။



ယခုရက်ပိုင်း တမူးနယ်စပ်ငါးအဝယ်ဒိုင်များတွင် ကလေးဒေသထွက် မွေးမြူရေးငါးအမျိုးအစား မြက်စားငါး တစ်ပိဿာ ကျပ် ၆,၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၅,၅၀၀၊ ငါးကြင်းရွှေဝါတစ်ပိဿာ ကျပ် ၁၀,၀၀၀ ဝန်းကျင်တို့ဖြင့် ဈေးကွက် အတွင်း အရောင်းအဝယ်ဖြစ်နေ ကြောင်း သိရသည်။

တမူးနယ်စပ်ဈေးနှင့် ရိဒ်နယ်စပ် ဈေးသို့ နှစ်သစ်ကူးရာသီငါးအရောင်း အဝယ်ဈေးကွက်သို့ ချင်းတွင်း၊ မြစ်သာ၊ ယူးချောင်းမှထွက်ရှိသော သဘာဝငါးများ၊ ရန်ကုန်၊ မန္တလေး ဘက်မှလာသည့် ရေခဲရိုက်ငါးများနှင့် ကလေးဒေသ ဘက်မှ တင်ပို့ရောင်းချ သောမွေးငါးများဟူ၍ အမျိုးအစား အလိုက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ "တမူးနယ်စပ်ဈေးမှာတော့ အနယ်နယ်အရပ်ရပ်က ဝင်လာတဲ့ ငါးပိဿာချိန်ထောင်ချီပြီး အရောင်းအဝယ် ဖြစ်နေပါတယ်။ တစ်ဖက်နိုင်ငံ မဏိပူရပြည်နယ် ကသည်းလူမျိုး တို့ရဲ့ငါးစားပွဲတော်၊ ခရစ္စမတ်ပွဲတော်၊ နှစ်သစ်ကူးပွဲတော်တွေက ဆက်နေတော့ ငါးဝယ်ယူမှုများတယ်။ အထူးသဖြင့် ရန်ကုန်၊ မန္တလေးဘက်ကလာတဲ့ ရေခဲရိုက်ငါးထက် ကလေးမြို့ ဘက်ကလာတဲ့ လတ်လတ်ဆတ်ဆတ် မွေးငါးတွေနဲ့ ချင်းတွင်း၊ မြစ်သာ၊ ယူးချောင်းဘက်ကလာတဲ့သဘာဝ ငါးတွေကို ဝယ်ယူမှုများတယ်။ သဘာဝငါးက အခုအချိန်မှာ အဝင်နည်းပြီး ဈေးမြင့်တော့ ဝယ်ယူသူ နည်းတယ်"ဟု ဒေသခံ ငါးသည် ဒေါ်ကြီးခင်က ပြောသည်။

Source: https://myanmar.mmtimes.com/news/133399.html

## ကန်ဒေါ်လာကျဆင်းပြီးမြန်မာငွေတန်ဖိုးတက်

၂၀၁၉ နှစ်ကုန်ကာနီး အောက်တိုဘာတွင် အမေရိကန်တစ်ဒေါ်လာ ၁၅၃၂ ကျပ်အထိရှိခဲ့ပြီး ဒီဇင်ဘာလတွင် ၁၅၁၀ ခန့်ထိရောက်ရှိကျဆင်းခဲ့သည်ကိုတွေ့ရသည်။

ယခု ၂၀၂၀ ဇန်နဝါရီ လဆန်းပထမအပတ်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၄၇၉ ကျပ်အထိ တဖြည်းဖြည်း ကျဆင်းခဲ့ကြောင်း တွေ့ရသည်။ ပညာရှင်များက ယခုလို ကန်ငွေကြေးကျဆင်းလာခြင်းမှာ ပြည်တွင်း စီးပွားရေး ဈေးကွက်အတွင်း ဝယ်လိုအား ကျဆင်းနေခြင်းကြောင့် လုပ်ငန်းရှင်များက ကုန်ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံမှုကို လျှော့ချနေခြင်းနှင့် နိုင်ငံခြားငွေသုံးစွဲမှု ချွေတာလာကြခြင်းတို့နှင့် ဆက်စပ်နေကြောင်းပြောထားသည်။

ယခုကဲ့သို့ ဒေါ်လာဈေးကျဆင်းခြင်းသည် ထိုးဆင်းသွားခြင်းမဟုတ်ဘဲ တဖြည်းဖြည်းကျဆင်းခြင်းဖြစ်၍ ဆိုးကျိုး မရှိနိုင်ကြောင်း သုံးသပ်မှုလည်းတွေ့ရသည်။

Source: https://www.imyanmarhouse.com/news/read/882852?fbclid=IwAR152a-JNnYs7_pOEQ-aUXJrH4vLrlS9-9YlZ-NXVRUtBBsee9jYuJfSfwA

## ပြည်တွင်းရွှေဈေးပြန်တက်

အမေရိကန် - အီရန် နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှုကြောင့် ကမ္ဘာ့ရွှေဈေးဆက်တိုက် မြင့်တက် သကဲ့သို့ပြည်တွင်းရွှေဈေးသည်လည်း တစ်ကျပ်သားလျှင် ကျပ်သုံးသောင်းကျော်မြင့် တက်လာကြောင်း ရွှေလုပ်ငန်း ရှင်များကပြောသည်။
ဇန်နဝါရီ ၁ ရက်တွင်ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်ဆယ့်တစ်သိန်းကိုးသောင်း နှစ်ထောင်ဈေးဖွင့်သော်လည်း ဇန်နဝါရီ ၆ ရက်တွင် ကျပ်ဆယ့်နှစ်သိန်းနှစ် သောင်းခွဲသို့ မြင့်တက်သည်။

လက်ရှိပြည်တွင်း ရွှေဈေးသည်သုံးလကျော်အတွင်းအမြင့်ဆုံးသို့ ပြန်လည်ရောက်ရှိလာခြင်းဟု ရွှေလုပ်ငန်းရှင် အချို့က ပြောသည်။ "ဈေးနှုန်း အခြေအနေက ဆက်တက်နိုင်ခြေတော့ရှိတယ်။ ကမ္ဘာ့ဈေးတက်ရင် ပြည်တွင်းကလည်းပါလာမှာပဲ" ဟု မြန်မာနိုင် ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးကျော်ဝင်းကပြောကြားသည်။ အမေရိကန် - အီရန်ပြဿ နာစတင်သည့် ဇန်နဝါရီ ၃ ရက် တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁,၅၃၉ ဒေါ်လာ ရှိပြီး ဇန်နဝါရီ ၆ ရက်တွင်တစ် အောင်စလျှင် ၁,၅၇၇ ဒေါ်လာ သို့မြင့်တက်သည်။

ကမ္ဘာ့ရွှေဈေးသည် သုံးရက်အတွင်း ၂ ရာခိုင်နှုန်းခန့်မြင့်တက် လာခြင်းဖြစ်ပြီး ထိုသို့ဈေးမြင့်တက်မှုသည် အမေရိကန် - အီရန်ပြဿနာကြောင့်ဟု နိုင်ငံတ ကာသတင်းမီဒီယာများက ရေးသားဖော်ပြသည်။ ၂၀၁၉ စက်တင်ဘာနောက်ပိုင်းပြည်တွင်းရွှေဈေး ကျပ်ဆယ့်တစ်သိန်းကျော်တွင် အတက်အကျအနည်းငယ်သာ ရှိခဲ့သော်လည်း သုံးလကျော်ကြာချိန်တွင် နိုင်ငံတကာအခြေအနေကြောင့် ကမ္ဘာ့ရွှေဈေးမြင့်တက်သဖြင့် ပြည်တွင်း ဈေးပါလိုက်ပါမြင့်တက်ခြင်းဖြစ် ကြောင်း ရွှေလုပ်ငန်းရှင်အချို့က ပြောသည်။

ပြည်တွင်း ရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးအပြောင်းအလဲပေါ် လိုက်ပါပြောင်းလဲပြီး ဈေးဖွင့်ကြောင်း ၎င်းတို့ကပြောသည်။ နိုင်ငံတကာ ငွေကြေးဈေးကွက်တွင် ရွှေဈေးမြင့်တက်လျှင် ကန်ဒေါ်လာတန်ဖိုး ကျဆင်းလေ့ရှိသည်။ လက်ရှိတွင်လည်းဒေါ်လာတန်ဖိုးသည် အားပျော့နေ ကြောင်း ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်အချို့က သုံးသပ် သည်။ ပြည်တွင်း၌ ကန်တစ်ဒေါ်လာလျှင် ၁,၄၆၀ ကျပ်ခန့်သာဈေး ဖွင့်သည်။

**Source:** https://7day.news/-175223

## ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း တစ်ပတ်အတွင်း အမြင့်ဆုံးနှုန်း ၁၄၉၃ ကျပ်၊ အနိမ့်ဆုံးနှုန်း ၁၄၇၈ ကျပ် ဝန်းကျင် ဖြစ်ပေါ်

ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း ပြန်လည်ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်အတွင်း အမြင့်ဆုံးနှုန်း ၁၄၉၃ ကျပ်၊ အနိမ့်ဆုံးနှုန်း ကျပ် ၁၄၇၈ ဝန်းကျင် ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှ သိရသည်။
ယခုတစ်ပတ် ဒီဇင်ဘာ၂၈ ရက်တွင် နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၄၉၃ ကျပ်ဝန်းကျင်ရှိရာမှ ဇန်နဝါရီ ၃ ရက်တွင် တစ်ဒေါ်လာ ၁၄၇၈ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြားငွေလဲနှုန်း အနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ၁၅၁၀-၁၅၇၇ ကျပ်၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၅၁၄-၁၅၄၀ ကျပ်၊ ဖေဖော်ဝါရီတွင် ၁၅၀၃-၁၅၂၉ ကျပ်၊ မတ်တွင် ၁၅၀၈ -၁၅၂၇ ကျပ်၊ ဧပြီတွင် ၁၅၀၄-၁၅၂၅ ကျပ်၊ မေတွင် ၁၅၁၆-၁၅၃၈ ကျပ်၊ ဇွန်တွင် ၁၅၁၇-၁၅၂၉ ကျပ်၊ ဇူလိုင်တွင် ၁၅၀၈-၁၅၁၇ ကျပ်၊ ဩဂုတ်တွင် ၁၅၁၀-၁၅၂၆ ကျပ်၊ စက်တင်ဘာတွင် ၁၅၂၇-၁၅၆၅ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈-၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀-၁၅၂၄ ကျပ်၊ ဒီဇင်ဘာတွင် ၁၄၈၅-၁၅၁၃ ကျပ်တို့ ဖြစ်သည်။
ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၆၄၀ ကျပ်၊ စင်ကာပူဒေါ်လာ ၁၀၉၃ ကျပ်၊ မလေးရှား ရင်းဂစ် ၃၅၆ ကျပ်၊ ထိုင်းဘတ် ၄၈ ဒသမ ၉ ကျပ်၊ တရုတ် ယွမ်၂၁၉ ကျပ်ဖြစ်သည်။

**Source:** https://news-eleven.com/article/152743

## ညွှန်ကြားရေးမှူးချုပ်နှင့်အထက် ဝန်ထမ်းများ မော်တော်ယာဉ်ဝယ်ယူနိုင်ရေး ဆွေးနွေးမည်

ညွှန်ကြားရေးမှူးချုပ်နှင့်အထက် ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများ မော်တော်ယာဉ် ဝယ်ယူနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မော်တော်ယာဉ် တင်သွင်းရောင်းချသူများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်မည် ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ပြည်ပမော်တော်ယာဉ် တင်သွင်းရောင်းချသူများနှင့် ဇန်နဝါရီ ၉ ရက်တွင် ဆွေးနွေးရန် ဇန်နဝါရီ ၄ ရက်က အကြောင်းကြားလာသည်ဟု MMM မော်တော်ယာဉ် အရောင်းစင်တာပိုင်ရှင် ဦးမင်းမင်းမောင်က ပြောသည်။

ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် မော်တော်ယာဉ်ရောင်းချပေးရေးကိစ္စရပ် အဓိကထား ဆွေးနွေးရန် အကြောင်းကြားလာခြင်းဖြစ်သည် ဟု ၎င်းကပြောသည်။ "အရစ်ကျနဲ့ ရောင်းဖို့ ဒါမှမဟုတ် တင်သွင်းပေးဖို့ကိစ္စ အဲဒီနှစ်ခုပဲ။ ပြောသင့်တာ ပြောမယ်၊ကန့်ကွက်သင့်တာ ကန့်ကွက်မယ်၊ လိုက်လျောသင့်တာ လိုက်လျောမယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများအသင်း (MAMDA) မှ တာဝန်ရှိသူများကို အဆိုပါ ဆွေးနွေးပွဲသို့ ဖိတ်ကြားထားပြီး ဝန်ထမ်းများမော်တော်ယာဉ် တင်သွင်းခွင့် အတွက်ဖြစ်ကြောင်း MAMDA တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာထူးမြင့်က ပြောသည်။

သို့သော် ဆွေးနွေးရမည့် အသေးစိတ် အချက်အလက်ကို မသိရှိသေးဘဲ ဇန်နဝါရီ ၉ ရက် ညနေမှ အဖြေထွက်မည်ဟု ၎င်းကပြောသည်။ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့်အတွက် အခွန်သက်သာခွင့်များစွာ ပါရှိမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောထားသည်။ အကောက်ခွန် ဂျူတီ၊ ကညန အခွန်အခနှင့် ဝင်ငွေခွန် သက်သာခွင့်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် လျှောက်ထားရမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများ မော်တော်ယာဉ် အရစ်ကျ ရောင်းဝယ်ရေး အစီအစဉ်နှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် ညွှန်ကြားရေးမှူးချုပ်နှင့် အထက်အဆင့် ပြည်သူ့ဝန် ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဆောင်ရွက်ပေးမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂ ရက်တွင် ကြေညာထားသည်။

ဒုတိယအဆင့်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် လုပ်သက် ၂၅ နှစ်ပြည့်ပြီး ဝန်ထမ်းကောင်း တံဆိပ်ရရှိသည့် ဝန်ထမ်းများအား ဆောင်ရွက်ပေးမည် ဖြစ်သည်။

မော်တော်ယာဉ် တစ်စီးကို ပုံမှန်တင်သွင်းမည်ဆိုပါက အကောက်ခွန်ဂျူတီ၊ ကညနအခွန်အခနှင့် အင်ဂျင်ပါဝါပေါ်မူတည်၍ ယာဉ်တန်ဖိုး၏ ၁၀၀ နှင့် ၁၅၀ ရာခိုင်နှုန်းကြား ကောက်ခံသည်။ ယခု ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ပေးမည့်ပါမစ်သည် ယင်းအခွန်အခများပါရှိမည် မဟုတ်ပေ။

သို့သော် အင်ဂျင်ပါဝါ ၁,၅၀၀ စီစီကျော်ပါက အထူးကုန်စည်ခွန်နှင့် ကုန်သွယ်ခွန်ကို ပေးသွင်းရမည် ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အထက်အဆင့် ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများ မော်တော်ယာဉ် တင်သွင်းခွင့် အတွက် ဇန်နဝါရီ ၈ ရက် နောက်ဆုံး စာရင်းပေးပို့ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးထားသည်။

**Source:** https://7day.news/175221

## မန္တလေးဈေးကွက်တွင် ငါးရှဉ့်ဈေးတက်လာပြီး တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့လျက်ရှိ



မြန်မာနိုင်ငံ ဒေသအသီးသီးတွင် ငါးရှဉ့်အထွက်နှုန်း လျော့နည်းချိန်ကာလ ရောက်ရှိနေပြီဖြစ်သောကြောင့် ယခု ရက်ပိုင်းအတွင်း မန္တလေးဈေးကွက်၌ ငါးရှဉ့်တစ်ပိဿာ ကျပ် ၁၁,၀၀၀ ဝန်းကျင်အထိ ဈေးတက်နေပြီး တရုတ်နိုင်ငံသို့ မူဆယ် ၁၀၅ မိုင်မှတစ်ဆင့် ပုံမှန်တင်ပို့မှုရှိကြောင်း ငါးရှဉ့်ကုန်သည်များထံမှ သိရသည်။ "ဆောင်းတွင်းပိုင်းအစ အထွက်နှုန်း တဖြည်းဖြည်းနည်းလာချိန်ကနေ စတင်ပြီး ငါးရှဉ့်ဈေးနှုန်းက တရိပ်ရိပ် တက်လာရာက နောက်လတွေကျရင် ဒီ့ထက် ပိုမို တက်လာဖို့ရှိပါတယ်။ မူဆယ် ၁၀၅ မိုင်မှာတော့ ကြိုက်ရောင်း ကြိုက်ဝယ်စနစ်နဲ့ ရောင်းချနေတာ ဖြစ်ပြီး တရုတ်ဝယ်လက် တွေကိုယ်တိုင် ဆင်းဝယ်နေကြတာပါ။ လောလော ဆယ်တော့ အထွက်နှုန်းနည်းနေတဲ့ရာသီဖြစ်တာကြောင့် မန္တလေးမြို့ကနေ တစ်ဆင့် မူဆယ် ၁၀၅ မိုင်ကို ငါးရှဉ့် ကားတွေ အထွက်နည်းပေမယ့် ငါးရှဉ့် ကားတစ်စီးမှာဆိုရင် သေတ္တာလုံးရေ ၆၀ အထိတင်နိုင်ပြီး တရုတ်နိုင်ငံမှာ ပွဲတော်တွေရှိတဲ့ကာလဆိုရင် ဝယ်လို အားများတာကြောင့် ပိုမိုဈေးကောင်း ရရှိတတ်ပါတယ်။ အခုဆိုရင် မြန်မာ နိုင်ငံထွက် ငါးရှဉ့်တွေကို ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေကလည်း လာရောက်ဝယ်ယူဖို့အတွက် လေ့လာမှု တွေရှိနေတာကြောင့် ဈေးကွက်အနေ အထားက ဒီ့ထက်ကျယ်ပြန့်လာတော့ မှာဖြစ်ပါတယ်"ဟု မန္တလေးမြို့ အမရပူရမြို့နယ်မှ ငါးရှဉ့်ကုန်သည်တစ်ဦးဖြစ်သည့် ဦးဝင်းမြင့်က မြန်မာတိုင်းမ် နေ့စဉ်သို့ ပြောသည်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများမှ ငါးရှဉ့်ကားများသည် မန္တလေး မြို့တွင် ခေတ္တရပ်နားပြီးနောက် ငါးရှဉ့် သေတ္တာများကို ရေလှယ်ခြင်း၊ အရည် အသွေးစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ တရုတ်နိုင်ငံသို့ ဆက်လက် တင်ပို့ခြင်းဖြစ်ကြောင်း

သိရသည်။ မန္တလေးမြို့ပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသများတွင် ငါးရှဉ့်ထောင်သည့် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အများအပြားရှိရာ ငါးရှဉ့်ထောင်သည့်ပုံးများကို ကိုယ်တိုင်ရက်လုပ်ကြ ခြင်းဖြစ်သည်။

အစာထည့်ထားသည့် ငါးရှဉ့်ပုံးများကို ညနေပိုင်း၌ လယ်ကြား၊ မြောင်းကြားနှင့် ချောင်းကမ်းစပ်များတွင် ထောင်ထားကြခြင်းဖြစ်ပြီး နံနက် ခင်းပိုင်းမှ ပြန်လည်ဖော်ယူလေ့ရှိကြသည်။ ထောင်ထားသည့်ငါးရှဉ့် တစ်ပုံး တွင် တစ်ကောင်၊ နှစ်ကောင်မှစ၍ ၂၅ ကျပ်သားအထိ မိတတ်ကာ တစ်နေ့ လျှင် ငါးရှဉ့်အနည်းဆုံး နှစ်ပိဿာခန့် မိသောကြောင့် ကျပ် ၂၀,၀၀၀ အထက် ဝင်ငွေရှိကြောင်း၊ ငါးရှဉ့်အထွက်နှုန်း နည်းနေချိန်ဖြစ်သော်လည်း ဈေးကောင်းရနေချိန်ဖြစ်သဖြင့် ပုံမှန်ဝင်ငွေ ရလျက်ရှိကြောင်း ငါးရှဉ့်ထောင်သူ တစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/133304.html

## မြိတ်ဒေသထွက် ဇီဝဖိုးငှက်သိုက် ကုန်ချောထုတ်ရန် နည်းပညာပိုင်း လိုနေ



မြိတ်ဒေသတွင် အိမ်တွင်း တစ်ပိုင်တစ်နိုင် ထုတ်လုပ်နေသော ဇီဝဖိုးငှက်သိုက်ကို ကုန်ချောအဖြစ်ပြောင်းလဲပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ ရှိနေကြောင်း သဘာဝ ငှက်သိုက်ထုတ်လုပ်သူများထံမှ သိရသည်။

သဘာဝ ဇီဝဖိုးငှက်သိုက်များမှာ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်ရှိ မြို့နယ်တို့မှ ထွက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ် ထားဝယ်စုရပ်ကွက် My Birds Net ငှက်သိုက်ရောင်းဝယ်သူ ဦးဟန်မင်းစိုးက "ဒီတစ်ပိုင်တစ်နိုင် ထုတ်လုပ်နေတဲ့ သဘာဝငှက်ဘူးတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ လုပ်ငန်းရှင်တွေအနေနဲ့ အစိုးရဆီမှာ နည်းပညာပိုင်း အကူအညီတောင်းခံဖို့ စီစဉ် နေပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်၌ သဘာဝအတိုင်း ထုတ်လုပ်နေသည့် ငှက်သိုက်ဘူးများကို ဒေသတွင်း စားသုံးသူများအတွက်သာ ရည်ရွယ်၍ အများဆုံးထုတ်လုပ်ရောင်းချနေရကြောင်း သိရသည်။"မြိတ်မှာက ငှက်သိုက်ကုန်ကြမ်းတွေ အများကြီး ထွက်ရှိနေပါတယ်။ တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူတွေလည်း များလာတယ်။ ကုန်ကြမ်းကနေ ကုန်ချောအဆင့်အထိ ပြောင်းလဲထုတ်လုပ်လိုက်မယ်ဆိုရင် ပြည်ပကနေ တင်သွင်းနေရတဲ့ ငှက်သိုက်ဘူးတွေကို ဈေးကွက်ထိုးဖောက်နိုင်မှာ ဖြစ်တယ်"ဟု ဦးဟန်မင်းစိုးက ထပ်လောင်းရှင်းပြသည်။

အဆိုပါ ငှက်သိုက်ဘူးများကို ရေစိမ်၊ အပေါင်းခံ၊ လက်ဖြင့် အမွေးနုတ်သန့်စင်ပြီး ထုတ်လုပ်နေခြင်းဖြစ်ကာ နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးမည်ဆိုပါက ထိုင်းနိုင်ငံနည်းတူ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်နိုင်ပြီး တာရှည် အထားခံခြင်း၊ အရည်အသွေး ကောင်းသည့် ငှက်သိုက်များကို မြန်မာနိုင်ငံအနှံ့အပြားနှင့် ပြည်ပဈေးကွက်များအထိ တင်ပို့နိုင်မည်ဟု လုပ်ငန်းရှင်များက ပြောသည်။ "ကျွန်မတို့ အခုလက်ရှိ ထုတ်နေတာက သဘာဝအတိုင်း ပေါင်းခံပြီး ထုတ်လုပ်တာဖြစ်တယ်။ ကမ်မီကယ် လုံးဝပါဝင်ခြင်းမရှိပါဘူး။ ရေခဲသေတ္တာထဲမှာ အအေးခံပြီး ရောင်းရတာဖြစ်လို့ တစ်ပတ်လောက်ပဲခံပါတယ်၊ တကယ်လို့ အစိုးရဆီက နည်းပညာပိုင်း အကူအညီတွေရရင် မြိတ်မှာ စက်ရုံတွေဆောက်၊ တာရှည် အထားခံတဲ့ နည်းပညာပိုင်းတွေရရင် ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု သဘာဝငှက်သိုက်ဘူး တစ်ပိုင်တစ်နိုင်ထုတ်လုပ်သူ ဒေါ်ယုမော်က ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်စာရင်းများအရ ဇီဝဖိုးငှက်ကို အိမ်တွင်မွေးမြူကာ ငှက်သိုက်ထုတ်လုပ်ရန်အတွက် တနင်္သာရီတိုင်း ဒေသကြီး သစ်တောဌာနနှင့် စာချုပ်ချုပ်ဆိုထားသည့် အိမ်မှာ ၃၇၁ လုံး အထိသာရှိကြောင်း သစ်တောဦးစီးဌာန၏ စာရင်းအရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/133431.html

## မြဝတီမြို့တွင် ထိုင်းဘတ်ငွေဈေးကျဆင်းပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာ



ထိုင်း-မြန်မာနယ်စပ်မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ်လက ထိုင်းဘတ်ငွေ ဈေးမြင့်တက်ခဲ့မှုကြောင့် တချို့ ကုန်သည်များ အနေဖြင့် ထိုင်းကုန် ပစ္စည်းများအဝယ်ရပ်နားထားရပြီး အရောင်းအဝယ်အေးခဲ့ရာမှ ဒီဇင်ဘာလတွင် ထိုင်းဘတ်ငွေဈေး ပြန်လည် ကျဆင်းခဲ့ပြီး အရောင်းအဝယ်ပြန်လည် ကောင်းမွန်လာခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးပြီးချိန်၌ ထိုင်းဘတ်ငွေဈေးနှုန်းများ ထပ်မံကျဆင်းလာပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာခဲ့သည့်အတွက် ထိုင်းကုန် ပစ္စည်းများ မြဝတီမြို့အတွင်း အရောင်းသွက်လျက်ရှိနေသည်။ "ကျွန်မတို့က မဲဆောက်ကနေ အခြေခံစားကုန်တွေကိုမှာပြီး မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးမှာ ရောင်းနေတာ နှစ်ပေါင်း မနည်းတော့ပါဘူး။ အဓိက ရောင်းကုန်တွေကတော့ စားဆီ၊ အချိုရည်၊ အချိုမှုန့်၊ ငါးသေတ္တာ၊ နို့ဆီ၊ နို့စိမ်း၊ ဆပ်ပြာမှုန့်၊ မားမားခေါက်ဆွဲခြောက် အစရှိတဲ့ စားကုန်တွေပေါ့။ အခုထိုင်းဘတ်ဈေးက အရင်ဩဂုတ်လမှာ ထိုင်းဘတ်ငွေ၂၀၀၀ မှာ မြန်မာ ကျပ်ငွေ တစ်သိန်းဈေးရှိခဲ့ပြီး ဒီဇင်ဘာလ ဒုတိယပတ်မှာ ထိုင်းဘတ်ငွေ ၂၁၄၀ ကို မြန်မာကျပ်ငွေတစ်သိန်းအထိ ပြန်ဆင်းသွားတဲ့အတွက် ထိုင်းကုန်ပစ္စည်းတွေလည်း ဈေးနှုန်းကျဆင်းခဲ့တာပေါ့။ ထိုင်းဘတ်ဈေးကျလာတဲ့အတွက် အမြဲလာဝယ်နေကြတဲ့ မော်လမြိုင်၊ ရန်ကုန်ပို့နေတဲ့ ကုန်သည်တွေလည်း ကျွန်မဆိုင်မှာ ထိုင်းစားကုန်ပစ္စည်းတွေ ပြန်လာဝယ်ကြပြီပေါ့။ နှစ်သစ်မှာ ထိုင်းဘတ်ဈေးက ဘတ် ၂၀၉၀ မှာ မြန်မာကျပ်ငွေတစ်သိန်း ဖြစ်တော့ အရင်ထက်စာရင် မြန်မာကျပ်ငွေတန်ဖိုး တက်လာတာပေါ့"ဟု မြဝတီဘုရင့်နောင်ဈေးကြီးထဲ၌ မဲဆောက်မှ ထိုင်းစားကုန်ပစ္စည်းများ ဝယ်ယူရောင်းချ နေသည့် ဈေးသည် တစ်ဦးက ပြောသည်။

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း လက်ရှိရောင်းချနေသော စားကုန်ပစ္စည်းဈေးနှုန်းများမှာ အာဂျီနိုမိုတို ဆွမ်းအုပ်တံဆိပ် (အိုးအချိုမှုန့်)အထုပ် ၂၀ ပါတစ်ပါကင် ကျပ်၈၃၀၀၀၊ မားမားချဉ်စပ်အထုပ် ၃၀ ပါ ဖာသေး ခြောက်ဖာပါတစ်ပါကင် ကျပ် ၃၈၅၀၀၊ မိသားစုငါးသေတ္တာအလုံးသေး လေး ဒါဇင်ပါ တစ်ပါကင် ကျပ် ၄၆၀၀၀၊ ၂၅ ကီလို JUMP ဆပ်ပြာဖာကြီး တစ်ပါကင် ကျပ် ၂၉၀၀၀၊ စားဆီ ၁၀ ပိဿာဝင်ကော်ပုံးကြီးတစ်ပုံး ကျပ် ၁၅၅၀၀၊ M–150 အချိုရည် အလုံး သေး ၅၀ ပါ တစ်ပါကင် ကျပ် ၁၇၀၀၀၊ မြင်းတံဆိပ်ပလတ်စတစ်ဖျာ ၁၂ ချပ်ပါ တစ်စည်း ကျပ် ၈၄၀၀၀၊ ကလေးပုံ တံဆိပ်နို့စိမ်း လေးဒါဇင်ပါ တစ်ပါကင် ကျပ် ၂၉၀၀၀၀ ဈေးနှုန်းများနှင့် ရောင်းချ နေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/133413.html

## နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ပြည်တွင်းကြက်သွန်ဈေး အနည်းငယ် ကျဆင်းလာ

နှစ်သစ်ကူး ရုံးပိတ်ရက်ကာလများအတွင်း ပြည်တွင်း ကြက်သွန်ဈေးကွက်တွင် ဈေးနှုန်းများ အနည်းငယ်ကျ ဆင်းသွားကြောင်း မန္တလေးမြို့ရှိ ကြက်သွန်ကုန်သည်များထံမှ သိရသည်။

နှစ်သစ်ကူး ပိတ်ရက်များနှင့်အတူ ပြည်ပအရောင်းအဝယ် ဈေးကွက်များ အေးနေသလို ပြည်တွင်းကြက်သွန် ဈေးကွက်တွင် လည်း ဈေးနှုန်းအနည်းငယ် ကျဆင်းသွားသော်လည်း ယခုနှစ်တွင် အိမ်နီးချင်းနိုင်ငံများ၌ ကြက်သွန် လိုအပ်ချက် ရှိနေတာကြောင့် နယ်စပ်ကုန်သည်များ၏ ဝယ်ယူမှုအပေါ် မူတည်ကာ ဈေးနှုန်းပြန်လည် မြင့်တက်လာနိုင်ကြောင်း မန္တလေးတိုင်း ဒေသကြီး ကြက်သွန်အသင်းဥက္ကဋ္ဌ ဦးဇော်မျိုးဦးက ပြောသည်။

“ နှစ်သစ်ကူးရုံပိတ်ရက်တွေ ဆက်နေလို့ နယ်စပ်ကုန်သွယ်မှုမှာ ဘင်္ဂလားဒေ့ရှ်က အဝယ်တုန့်ဆိုင်းသွားတော့ ကြက်သွန်




တစ်ပိဿာ ၄၀၀ ကနေ ၅၀၀ လောက်ဈေးကျသွားပါတယ်။ လက်ရှိမှာတော့ ပွဲရုံဈေး တစ်ပိဿာ ၁၃၀၀၊ ၁၄၀၀ ဈေးပဲ ပေါက်ဈေးရှိတော့တယ်။ နယ်စပ်ဝယ်လက်ပေါ် မူတည်ပါတယ်။ သူတို့ဝယ်ရင်တော့ ပြန် ဈေးကောင်းလာမှာပါ။ ဒီအချိန်မှာတော့ ဈေးကျလေ့ကျထရှိတဲ့ အချိန်ကာလပါ။ တောင်သူတွေကတော့ ကြက်သွန် အဟောင်းဈေးတွေကောင်းတော့ ဒီနှစ်ပိုအားစိုက်ပြီး စိုက်ပျိုးကြပါတယ်။ “ ဟု ဦးဇော်မျိုးက ပြောသည်။

အစောပိုင်းကာလများက မိုးကြက်သွန်အဟောင်းများ ဈေးကောင်းရရှိကြသော်လည်း နှစ်သစ်ကူးကာလအတွင်း အရောင်းအဝယ် ပါးသွားကာ၊ ပြည်တွင်း ကြက်သွန်ဈေးကွက်၏ ယခုနှစ် ပေါက်ဈေးများမှာ ဈေးကောင်းရရှိကြသဖြင့် တောင်သူများ အဆင်ပြေခဲ့ကြပြီး၊ လက်ရှိအချိန်တွင် ရာသီမီသလောက် တိုးချဲ့စိုက်ပျိုးမှုများ ရှိလာ ကြောင်း မုံရွာမြို့နယ်၊ မြေနဲကျေးရွာမှ ကြက်သွန်စိုက်သူ ဦးအောင်ထူးက ပြောသည်။

“ လက်ရှိ မိုးကြက်သွန်ဈေးကတော့ မုံရွာမှာ ပွဲရုံဈေးက ၁၂၀၀ ကျော် ဈေးပွဲ ရှိတော့တယ်။ ပိတ်ရက်တွေကျော်ရင်တော့ အရောင်းအဝယ် ပြန်သွက်လာမယ် ခန့်မှန်းပါတယ်။ လက်ရှိမှာ မုံရွာဒေသမှာ မိုးကြက်သွန်အဟောင်းက တစ်ဝက်လောက်ရောင်းကုန်သွားပါပြီ။ ဆောင်းကြက်သွန်လည်း တစ်လကျော်သားလောက် ရရှိနေပြီမို့ လက်ရှိအချိန်အထိ ဒုက္ခပေးတဲ့ ရာသီဥတုမရှိသေးပါဘူး။ မုံရွာကြက်သွန်ကိုတော့ အိန္ဒိယ၊ ဘင်္ဂလား၊ ရန်ကုန် ၊ မန္တလေး ဈေးကွက်တွေက အဝယ်လိုက်နေပါတယ်။ မိုးကြက်သွန်ဈေးကွက် စပေါ်ကာစတော့ တစ်ပိဿာ ကျပ် ၂၀၀၀ ကျော် ရောင်းရတယ်။ အခုတော့ ဈေးကျနေပေမယ် တောင်သူတွေ အဆင်ပြေ နေပါသေးတယ်။ ကြက်သွန်ဈေးကောင်းလာတော့ အခုချိန်ထိ ပျိုးပင်ရတဲ့နေရာကနေ ရှာဖွေစိုက်ပျိုးနေကြတုန်းပါ။” ဟု ၎င်းကပြော သည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ နှစ်စဉ် ကြက်သွန် တန်ချိန် ၃၀၀၀၀ မှ ၅၀၀၀၀ ကြားတင်ပို့နေသော်လည်း ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ တန်ချိန် ၈၀၀၀၀ အထိ တိုးတက်တင်ပို့ထား သလို ဘင်္ဂလာဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကြက်သွန်လိုအပ်ချက်ကြောင့် ပြည်တွင်းကြက်သွန်ဈေး ဆက်လက် မြင့်မားနိုင်သေးကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

**Source:** http://htwettoe.com/article-details/news/8541479

## ၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း အရောင်းအဝယ်ဖြစ်မှု ၂၀၁၈ ခုနှစ်ထက် ကျပ် နှစ်ဘီလျံခန့် မြင့်တက်လာပြီး စုစုပေါင်း ကျပ် ၁၃ ဘီလျံကျော်ဖိုး အရောင်းအဝယ်ဖြစ်ပေါ်

၂၀၁၉ ခုနှစ် တစ်နှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှု ၂၀၁၈ ခုနှစ်ကထက် ကျပ် နှစ်ဘီလျံခန့် မြင့်တက်လာပြီး စုစုပေါင်း ကျပ် ၁၃ ဘီလျံကျော်ဖိုး အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ နှစ်အလိုက်ထုတ်ပြန်သည့် အရောင်းအဝယ်ဖြစ်မှု စာရင်းအရ သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ် ဆိုးရွားစွာကျဆင်းခဲ့ပြီး ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု ကျပ် ၁၁ ဘီလျံကျော်သာရှိခဲ့ကာ Block Trading အရောင်းအဝယ် ဖြစ်မှုတွင်လည်း ၂၀၁၇ ခုနှစ်ထက် ကျပ် ငါးဘီလျံခန့် ကျဆင်းခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင်မူ ၂၀၁၈ ခုနှစ်ထက် ပြန်လည်မြင့်တက် လာခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက နှစ်အလိုက် ထုတ်ပြန်သည့် အရောင်းအဝယ် ဖြစ်မှု စာရင်းအရ သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှု ၂၀၁၆ ခုနှစ်ကထက် ရာခိုင်နှုန်း ၇၀ ကျော် ကျဆင်းခဲ့သော်လည်း Block Trading (ရှယ်ယာ အရေအတွက် အမြောက်အများ အရောင်းအဝယ်ဖြစ်မှု) အရောင်းအဝယ် ဖြစ်မှုတွင်မူ ကျပ် ခုနစ်ဘီလျံကျော်ဖြစ်ပေါ်ကာ ယမန်နှစ်ထက် ရာခိုင်နှုန်း ၇၀ ကျော် မြင့်တက်ခဲ့ သည်။ သို့သော် ၂၀၁၈ ခုနှစ်တွင် ပိုမိုကျဆင်းခဲ့ပြီး ရှယ်ယာ အရောင်းအဝယ်ဖြစ်မှုတွင်သာမက Block Trading တွင်ပါ ကျဆင်းကာ ကျပ် ၂ ဒသမ ၅ ဘီလျံကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်ပေါ်မှုမှာ ၂၀၁၆ ခုနှစ်အတွင်း ကျပ် ၇၀ ဒသမ ၇၄ ဘီလျံကျော်ဖိုး အရောင်းအဝယ် ဖြစ်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်အတွင်း ကျပ် ၂၂ ဒသမ ၁၃ ဘီလျံကျော်သာ အရောင်းအဝယ်ဖြစ်ပေါ်ကာ ၂၀၁၈ ခုနှစ်တွင် ကုမ္ပဏီတစ်ခု တိုးလာသကဲ့သို့ နေ့စဉ်အရောင်းအဝယ်ပြုသည့် အကြိမ်ရေ လေးကြိမ်အထိ တိုးမြှင့်ခဲ့သော်လည်း အရောင်းအဝယ် ကျဆင်းခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်အတွင်း အစုရှယ်ယာ အရောင်းအဝယ်ဖြစ်မှုများ၌ FMI မှ ကျပ် ၄၄ ဒသမ ၅၇ ဘီလျံကျော်တွင် Block Trading ဖြစ်မှု ကျပ်သိန်း ၉၁၅၀၊ MTSH မှ ကျပ် ၂၄ ဒသမ ၉၆ ဘီလျံကျော်တွင် Block Trading ဖြစ်မှု ကျပ် ၁ ဒသမ ၂၄ ဘီလျံကျော်နှင့်

MCB မှ ကျပ် ၁ ဒသမ ၂ ဘီလျံကျော်တွင် Block Trading ဖြစ်မှု ကျပ်သိန်း ၈၈၀ အထိပါဝင်ကာ အစုရှယ်ယာပေါင်း ၇၀၀၀၀ မှ ကျပ် ၂ ဒသမ ၂၅ ဘီလျံကျော် အရောင်းအဝယ် ဖြစ်ခဲ့ခြင်းဖြစ်သည်။

ထူးခြားမှုအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း FMI ရှယ်ယာများ Block Trading အရောင်းအဝယ်မရှိခဲ့ဘဲ MTSH မှ ကျပ် ၇ ဒသမ ၄ ဘီလျံကျော်တွင် Block Trading ဖြစ်မှု ကျပ် ၆ ဒသမ ၁၂ ဘီလျံကျော်နှင့် အများဆုံး Block Trading အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် MCB မှ စုစုပေါင်း အရောင်းအဝယ်ဖြစ်မှု ကျပ် ၆၄၄၂ သိန်းကျော်တွင် Block Trading ဖြစ်မှု ကျပ် ၃၃၄၉ သိန်းကျော်နှင့် FPB မှ ၇ ဒသမ ၂၅ ဘီလျံကျော်တွင် ၇၆၀၈ သိန်းကျော်ဖိုးအထိ Block Trading ဖြစ်ခဲ့ပြီး အစုရှယ်ယာပေါင်း ၁၆ သိန်းကျော် အရောင်းအဝယ် ဖြစ်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် FMI မှ ကျပ် လေးဘီလျံကျော် အရောင်းအဝယ်ဖြစ်ရာတွင် Block Trading ဖြစ်မှု ကျပ် ၅၆၈၄ သိန်းကျော်၊ MTSH မှ ကျပ် ငါးဘီလျံကျော်တွင် Block Trading ဖြစ်မှု ကျပ် ၁ ဒသမ ၉ ဘီလျံကျော်နှင့် MCB မှ ကျပ် ၂၄၃၉ သိန်းကျော်၊ FPB မှ ၁ဒသမ ၃၉၃ ဘီလျံကျော်နှင့် TMH မှ ကျပ် ၅၈၆ သိန်းကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ကာ MCB ၊ FPB နှင့် TMH တို့မှာ ၂၀၁၈ ခုနှစ်အတွင်း Block Trading ဖြစ်မှု လုံးဝမရှိခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်တွင်မူ ကျပ် ၁၃ ဒသမ ၃၉ ဘီလျံကျော် အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ပြီး Block Trading ဖြစ်မှု ကျပ် ၈ ဒသမ ၁၆ ဘီလျံ ဖြစ်ပေါ်ခဲ့သော်လည်း FPB နှင့် TMH တို့မှာ ၂၀၁၉ ခုနှစ်အတွင်း Block Trading ဖြစ်မှု လုံးဝမရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/152790

## ကြံဈေးနှုန်း ကျဆင်းနေ၍ လာမည့်နှစ် စိုက်ဧကလျှော့ချရန် ပြင်ဆင်နေ




လက်ရှိ ကြံတစ်တန်၏ အမြင့်ဆုံးဈေးသည် ကျပ် ၃၈၀၀၀ သာရှိ၍ လာမည့်နှစ် ကြံစိုက်ပျိုးမှု လျှော့ချရန် ပြင်ဆင်နေကြကြောင်း တောင်သူများက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်ရှိ ကြံစိုက်တောင်သူ ဦးမြင့်သောင်းက "အရင်နှစ်ကဈေးထက် တစ်တန်ကို ကျပ် ၇၀၀၀ ကနေ ကျပ် ၉၀၀၀ လောက် ကျဆင်းနေတယ်။ ကျပ် ၃၈၀၀၀ ကလည်းနေ့စဉ် ပေါက်ဈေးအပေါ်မှာ မူတည်တော့ ဒီဈေးက အမြဲရတာမဟုတ်ဘူး။

တချို့ရက်တွေဆိုရင် တစ်တန်ကို ကျပ် ၂၈၀၀၀ လောက်ပဲရှိတယ်။ ဒီတော့စိုက်ပျိုးစရိတ်ကို အသာထား ရိတ်သိမ်းခနုတ်လိုက်ရင် တစ်တန်ကို ကျပ် ၁၀၀၀၀ လောက်ပဲ ကျန်နိုင်တယ်။ ကြံတစ်တန်ကို ကျပ်၃၈၀၀၀ ပေးတာကလည်း စက်ရုံအရောက် ပို့ပေးရတာဖြစ်တယ်"ဟု ပြောသည်။

ကြံကြိတ်ခွဲ စက်ရုံများမှလည်း ကြိတ်ခွဲပြီးသားသကြားများ တရုတ်ဘက် မတင်ပို့နိုင်သေး၍ စက်ရုံတိုင်းတွင် သကြားလက်ကျန် တန်ချိန် များနေကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ သကြားဈေး ဆက်တိုက်ကျဆင်းမှုက စံချိန်တင်ဈေးပင် ဖြစ်လာကြောင်း၊ တောင်သူများက ကြံကို စက်ရုံအရောက်သွင်းရာတွင်စက်ရုံက တန် ၂၀ ဝယ်ယူပါက အမှိုက်က တစ်တန်ခန့် ပါရှိနေ၍ အခက်တွေ့နေရကြောင်း သိရသည်။"ကြံတစ်ဧကကို အများဆုံး ထွက်တာ ၁၄ တန်၊ ၁၅ တန်ပေါ့။ တစ်တန်ကို ကျပ် ၃၈၀၀၀ နဲ့တွက်ရင် ကျပ်ငါးသိန်းကျော်ရမယ်။ ဒီဈေးက မကာမိဘူးပေါ့။ ဒါကြောင့် သကြားဈေးမကောင်းလို့ ကြံဈေးမကောင်းရင် လျှော့စိုက်ဖို့ပဲ လုပ်ရတော့မယ်။ သိပ်မကြာခင် ရိတ်သိမ်းပြီးသားယာခင်းတွေ ထယ်လှန်ပြီးတော့ ပြန်စိုက်ရမှာဆိုတော့ လျှော့စိုက်ဖို့ စဉ်းစားထားတယ်" ဟု ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ရှိ ကြံစိုက်တောင်သူ ဦးမောင်မြင့်က ပြောသည်။

မြန်မာနိုင်ငံ သကြားနှင့် ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက "အခုလက်ရှိအခြေအနေအတိုင်းဆိုရင်တော့ လာမယ့်ကြံစိုက်ပျိုးချိန်မှာ စိုက်ပျိုးဧက လျော့နည်းသွားနိုင်တယ်။ အသင်းကနေ ပြည်တွင်းမှာတော့ ဒီလိုအခြေအနေတွေဖြစ်နေလို့ လုပ်ငန်းသုံး လိုင်စင်တွေ ပိတ်ပေးဖို့နဲ့ နယ်စပ်ကနေ ဝင်လာတာတွေ တားဆီးပေးဖို့ တင်ပြတာကိုလည်း လုပ်ပေးတာတွေရှိတယ်။ အစိုးရက လုပ်ငန်းသုံးပါမစ်တွေကို အပြည့်အဝမပေးတော့ဘဲနဲ့ ၂၅ ရာခိုင်နှုန်း လျှော့ချပြီးတော့ တင်သွင်းခွင့်ပေးတယ်။ နယ်စပ်ကနေ အထူးသဖြင့် မြဝတီဘက်ကဝင်လာတဲ့ သကြားတွေကို တားဆီးစစ်ဆေးတယ်။ ပိတ်တယ်။ ဒါမျိုးတွေနဲ့ လုပ်ပေးတယ်။ ရှေ့လျှောက်ကတော့ သွင်းကုန်တွေကို ထိန်းပေးဖို့ပါ။ ကိုယ့်နိုင်ငံအတွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ ပမာဏနဲ့သုံးစွဲမှုတွေ ညီမျှတယ်။ ပြည်ပကသာ ဝင်မလာအောင် သေချာ

လုပ်ပေးရင်တော့ အဆင်ပြေလာမှာပါ”ဟု ပြောသည်။ လက်ရှိကြံရာသီကို ဒီဇင်ဘာလမှ ဧပြီလအထိ ငါးလတာ သတ်မှတ်ဝယ်ယူလျက်ရှိသည်။ ကြံစိုက်ပျိုးမှုနှင့် ဈေးနှုန်းများ ၂၀၁၄-၁၅ဘဏ္ဍာနှစ်တွင် စိုက်ကေပေါင်း ၄၄၀၀၀၀ ကျော်၊ သကြားတန်ချိန် ၄၅၀၀၀၀ ခန့်၊ ကြံတစ်တန်ဈေး ကျပ် ၅၀၀၀၀ ခန့်၊ ၂၀၁၅-၁၆ဘဏ္ဍာနှစ်တွင် စိုက်ကေပေါင်း ၃၉၀၀၀၀ ကျော်၊ သကြား တန်ချိန် ၃၉၀၀၀၀ ကျော်၊ တစ်တန်လျှင် ကျပ် ၄၅၀၀၀၊ ၂၀၁၆-၁၇ဘဏ္ဍာနှစ်တွင် စိုက်ကေ ၄၀၀၀၀၀ ကျော်၊ သကြားတန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၇-၁၈ ခုနှစ်တွင် စိုက်ကေ ၄၀၀၀၀၀ ကျော်၊သကြား တန်ချိန် ၅၀၀၀၀၀ ကျော်၊ ၂၀၁၈-၁၉ ဘဏ္ဍာ နှစ်တွင် စိုက်ကေ ၅၀၀၀၀၀ နီးပါး၊ ကြံတစ်တန်လျှင် ကျပ် ၄၀၀၀၀ ခန့်အသီးသီးရှိခဲ့သည်။

Source: မြန်မာတောင်သူကြီးများ ဂျာနယ်,http://htwettoe.com/article-details/news/8564004

## အမေရိကန်-အီရန်စစ်ရေး အခြေအနေကြောင့် ပြည်တွင်း အခေါက် ရွှေဈေး တစ်ဟုန်ထိုးမြင့်တက်




အမေရိကန်နှင့်အီရန်စစ်ရေး အခြေအနေကြောင့် ပြည်တွင်း အခေါက် ရွှေဈေး တစ်ဟုန်ထိုး ပြန်လည် မြင့်တက်လာကာ မကြာခင်ရက်ပိုင်းအတွင်း ပြန်လည် ကျဆင်းဖွယ်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဇန်နဝါရီ ၆ ရက် တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။ "ရွှေဈေးက ကမ္ဘာ့ရွှေဈေးတက်လို့ ပြန်တက်တဲ့ သဘောပါ။ ကမ္ဘာ့ရွှေဈေးကလည်း အီရန်နဲ့အမေရိကန် ကိစ္စလန့်ပြီးတော့ တက်လာတဲ့သဘောပါ။ ပြန်ကျသွားမှာပါ။ အရင်လို ၁၃ သိန်းကျော် ပြန်မဖြစ်ပါဘူး။ ပြည်တွင်း ဒေါ်လာ ဈေးလည်း ကျတယ်။ ပြည်တွင်း ဒေါ်လာဈေးတက်နေရင်တော့ တစ်မျိုးပေါ့။ ပြည်တွင်း ဒေါ်လာဈေး ကျနေပေမယ့် ကမ္ဘာ့ရွှေဈေးက တက်နေတော့ အီရန်နဲ့ အမေရိကန်ကိစ္စလန့်ပြီးတော့ ခုန်တက်သွားတဲ့သဘောပါ။ ရွှေဈေးက အတက်ကြမ်းနေတာတော့ မဟုတ်ဘူး။ ပြီးခဲ့တဲ့ တစ်လလုံးကတော့ ဒေါ်လာ ၆၀ လောက်တက်တယ်။ ကျရင် ၁၀၀၊ တက်ရင် ၁၀၀ အဲဒီလိုမျိုးရှိတယ်"ဟု ၎င်းက ပြောသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းအခေါက်ရွှေဈေးမှာ အများပြည်သူပိတ်ရက်များအတွင်း တစ်ကျပ်သားလျှင် ၁၂ သိန်းကျော်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ဇန်နဝါရီ ၆ ရက် ပြည်တွင်း ရွှေဈေးကွက် ပြန်လည်ဖွင့်လှစ်သည့် နံနက်ပိုင်းအဖွင့်ဈေး တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၂၅၀၀၀ အထိ ပြန်လည်မြင့်တက်လာပြီး ကမ္ဘာ့ ရွှေဈေး တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၅၇၂ အထိရှိခဲ့ကြောင်း ပြည်တွင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

အမေရိကန်၊ အီရန်အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခအခြေအနေ ပိုမိုဆိုးရွားပြင်းထန်မှုများ မြင့်တက်လာပါက ကမ္ဘာ့ ရေနံဈေးလည်း တစ်ဟုန်ထိုး မြင့်တက်လာနိုင်သည့် အခြေအနေကြောင့် မြန်မာ့လောင်စာဆီ ဈေးနှုန်း ရိုက်ခတ်မှုများ ရှိနိုင်သည့်အပြင် လတ်တလောတွင် ပြည်တွင်း ရွှေဈေးကိုပါ လာရောက်ရိုက်ခတ်ခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ဒေါ်လာ ပြင်ပပေါက်ဈေးမှာ ဇန်နဝါရီ ၆ ရက်တွင် ဈေးကွက်အတွင်း အမေ ရိကန် တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၄၇၂ ကျပ်နှင့် ရောင်းဈေး ၁၄၇၈ ကျပ်ဖြင့် အရောင်း အဝယ်ပြုလုပ်လျက်ရှိကြောင်း ပြည်တွင်း ဒေါ်လာဈေးကွက် အတွင်းမှသိရသည်။

Source: https://myanmar.mmtimes.com/news/133426.html

## လျှော်ဖြူစေးများ အဝယ်လိုက်သဖြင့် တောင်သူများ စိုက်ကေတိုးမြင့်



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း ယခုနှစ်ပိုင်းတွင် လျှော်ဖြူစေးများ ပြန်လည်အဝယ်လိုက်လာသဖြင့် စိုက်ကေတိုးမြင့် စိုက်ပျိုးလာကြောင်း လျှော်ဖြူစိုက်တောင်သူများထံမှ သိရသည်။ ၂၀၁၉ ခုနှစ်အတွင်း လျှော်ဖြူစိုက်ကေ ၃၉ ကေသာ လျာထားခဲ့ပြီး စိုက်ပျိုးသည့် တောင်သူများလာသည့်အတွက် ယခုနှစ်တွင် လျှော်ဖြူ ၁၂၆ ကေအထိ တိုးမြှင့်စိုက်ပျိုးလာခဲ့ကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော လျှော်ဖြူစေးကို ဂျပန်နိုင်ငံဈေးကွက်အထိ တင်ပို့ရောင်းချနေကြောင်း မင်းဘူးမြို့နယ်

စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းနိုင်ဝင်း ထံမှ သိရသည်။
"လျှော်ဖြူပင် စတင်စိုက်စဉ်က ကျွန်တော်အပါအဝင် တောင်သူ ၁၄ ဦးက ၅၈ ဧက စတင်စိုက်ပျိုးခဲ့တယ်။ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေတိုး လာခဲ့တာ စိုက်ဧက ၅၀၀ ကျော်အထိ ရှိနေပြီလို့ သိရတယ်။ လျှော်ဖြူပင်ဟာ နှစ်ရှည်ပင်ဆိုတော့ အစေးမထွက်ခင် လေး၊ ငါးနှစ်ခန့် ပေါင်းရှင်းတာတို့၊ မြေဩဇာကျွေးတာတို့တော့ လုပ်နေရတယ်။ အဲဒီအတွက်ငွေကုန်တာတော့ ရှိတယ်။ ကျွန်တော်စစိုက်ခဲ့တဲ့လေးဧကလောက်က အစေးထုတ်ယူနေပါပြီ"ဟု လျှော်ဖြူစိုက်တောင်သူ ဦးညွန့်ဝင်းက ပြောသည်။
"ပြီးခဲ့တဲ့နှစ်ကတော့ လျှော်ဖြူစေး အဝယ်အေးခဲ့ပြီး ဈေးတွေလည်းကျခဲ့ တယ်။ ဒီဘက်နယ်ကနေကောက်ပြီး မန္တလေးက အဝယ်ဒိုင်တွေကိုပို့ရောင်းတယ်။ လက်ရှိလျှော်ဖြူစေး(အသန့်) တစ်ပိဿာကျပ် ၂၀,၀၀၀ ဈေးနဲ့(အညံ့) တစ်ပိဿာကျပ် ၁၅,၀၀၀ ဈေးတွေနဲ့ ကောက်ဝယ်ယူပါတယ်။ မနှစ်က တရုတ်အဝယ်နည်းခဲ့ပြီး ဒီနှစ်မှာ အဝယ်ရှိတာကြောင့် ဈေးပြန်လည် မြင့်တက်ခဲ့တာလို့သိရတယ်"ဟု မင်းဘူးမြို့နေ လျှော်ဖြူစေး ဝယ်ရောင်းပြုလုပ်သူ ဦးနိုင်ဝင်းက ပြောသည်။

ယခုလပိုင်းတွင် လျှော်ဖြူစေး (အသန့်) တစ်ပိဿာကျပ် ၂၀,၀၀၀ ဈေးရှိပြီး (အညံ့) တစ်ပိဿာကျပ် ၁၅,၀၀၀ ဝန်းကျင်ဈေး ရှိကြောင်း သိရ သည်။

**Source:** https://myanmar.mmtimes.com/news/133386.html

## ရန်ကုန်အပြည်ပြည်ဆိုင်ရာကျောက်မျက်ပြပွဲ တတိယအကြိမ် ပြုလုပ်မည်

တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ ပြပွဲ- ၂၀၂၀ ကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ပြုလုပ်မည်ဖြစ်ကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်ခဲ့သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းချုပ်၏ ပံ့ပိုးမှုတို့ဖြင့် ကျောက်မျက်ရတနာ လုပ်ငန်းများအသင်း(ရန်ကုန်)က ပြုလုပ်ခြင်းဖြစ်ကြောင်း သိရ သည်။ "ဒီပွဲလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံအတွင်း ကျောက်မျက်ရတနာရဲ့ လက်ဝတ်ရတနာဈေးကွက် ရာနှုန်းပြည့် ဖြစ်ထွန်းဖွံ့ဖြိုး တိုးတက်လာစေဖို့ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာတွေ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်တဲ့အပြင် ဒီကျောက်မျက်ရတနာ ကမ္ဘာ့ဈေးကွက်မှာ ထိုက်တန်စွာနဲ့ နေရာရစေဖို့လည်း ပါပါတယ်။ မြန်မာ့ကျောက်မျက်ရတနာ တွေကို အရိုင်းထည်သတ်သတ် ရောင်းချခြင်းမဟုတ်ဘဲ အနာထည်တွေအဖြစ် ထုတ်လုပ်ရောင်းချခြင်းအားဖြင့် ကျောက်မျက် ရတနာလုပ်ငန်းရဲ့ အသက်မွေးဝမ်းကျောင်းပြုသူ လူတန်းစားပေါင်းစုံအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာ စေမှာဖြစ်ပါတယ်"ဟု ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ(၄) ဒေါ်မြင့်သွက်နိုင်က ပြောသည်။
ပြပွဲတွင်ပါဝင်ရန် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ကျောက်မျက်ရတနာ ကုမ္ပဏီ ၁၀၀၀ ကျော် ဖိတ်ကြားထားပြီး ပြည်တွင်းမှ ကျောက်မျက်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ ရတနာဆိုင်ခန်းပေါင်း ၁၂၈ ခန်း ပါဝင်ရောင်းချမည် ဖြစ်သည်။

ပြပွဲတွင် ကျောက်မျက်လေလံပွဲများ၊ လက်ဝတ်ရတနာ ဒီဇိုင်းပြိုင်ပွဲများ၊ လက်ဖြင့်ရေးဆွဲသည့် ဒီဇိုင်းပြိုင်ပွဲများပြုလုပ်ကာ ဆုကြေးများပေးအပ်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။
ယခုပြပွဲတွင် အရောင်းအဝယ်ဖြစ်ခဲ့ပါက ရတနာခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ ပေးဆောင်ရမည်ဖြစ်ပြီး နိုင်ငံခြားသားများ အတွက် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းပြုမည် မဟုတ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/133305.html

## အမေရိကန်-အီရန် တင်းမာမှု မြင့်တက်နေစဉ် ရေနံဈေး ဒေါ်လာ ၇၀ အထိ တက်လာ

အမေရိကန်နဲ့ အီရန်အကြား တင်းမာမှုတွေ ပိုမို အရှိန်မြင့်လာနေစဉ် ဇန်နဝါရီ ၆ ရက်မှာ ရေနံဈေးတွေဟာ ဆက်လက် တက်လာခဲ့တယ်လို့ သိရပါတယ်။ Brent ရေနံ ကြိုရောင်းကြိုဝယ် ဈေးနှုန်းဟာ ယင်းနေ့မှာ ၂ ဒသမ ၄ ရာခိုင်နှုန်း တက်ပြီး တစည်ကို ၇၀ ဒသမ ၂၄ ဒေါ်လာအထိ ရောက်လာခဲ့ပါတယ်။

ဒါဟာ ခြောက်လကျော်တာ ကာလအတွင်း ယင်း ပမာဏကို ပထမဆုံး ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ အလားတူ အမေရိကန် ရေနံ ကြိုပွိုင့်ဈေးနှုန်းပိုင်းမှာလည်း ၂ ဒသမ ၁ ရာခိုင်နှုန်းတက်လာပြီး တစည်ကို ၆၄ ဒသမ ၃၆ ဒေါ်လာ ရှိနေပါတယ်။ ပြီးခဲ့တဲ့အပတ် ဇန်နဝါရီ ၃ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အမိန့်နဲ့အတူ အီရန် စစ်တပ် ထိပ်တန်းတပ်မှူး Soleimani သုတ်သင်ခံရပြီးနောက် ယင်းနေ့မှာပဲ ရေနံဈေးတွေဟာ ၃ ရာခိုင်နှုန်းကျော် တက်လာခဲ့တာဖြစ်ပါတယ်။ အီရန် တပ်မှူး Soleimani သေဆုံးမှုကြောင့် လက်ရှိမှာ အရှေ့အလယ်ပိုင်းဒေသတွင်း တင်းမာမှုတွေ မြင့်တက်နေလျက် ရှိပါတယ်။

**Source:**https://edition.cnn.com/.../asian-market-latest-oi.../index.html

## ကုန်သွယ်မှုကန်ဒေါ်လာ ၈၃၆၈ သန်းကျော်အထိရောက်ရှိခဲ့ပြီး ကာလတူကုန်သွယ်မှုထက် ၁ ဘီလီယံကျော် မြင့်တက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာတတိယအပတ်အထိ ကုန်သွယ်မှုကန်ဒေါ်လာ ၈ ဒသမ ၃၆ ဘီလီယံကျော်အထိ ရှိလာခဲ့တယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၅ ဒသမ ၉၆ ဘီလီယံနဲ့ နယ်စပ်ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၂ ဒသ မ ၄ ဘီလီယံကျော်အထိရှိခဲ့ပြီး ယခင်ကာလတူကုန်သွယ်မှုထက် ကန်ဒေါ်လာ ၁၂၃၄ သန်းကျော် ပိုမိုကုန်သွယ်နိုင်ခဲ့ပါတယ်။

ပို့ကုန်အုပ်စုတွင် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၈၁၅ သန်း၊ ရေထွက်နဲ့တိရစ္ဆာန်ထွက်ကုန် တင်ပို့မှုမှ ကန်ဒေါ်လာ ၂၇၆ သန်း၊ သတ္တုတွင်းထွက်တင်ပို့မှုမှ ကန်ဒေါ်လာ ၇၃၇ သန်း၊ သစ်တောထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ ၃၉ သန်းကျော်၊ စက်မှုကုန်ချောတင်ပို့မှုမှ ကန်ဒေါ်လာ ၂၁၅၈ သန်းကျော်နဲ့ အခြားအမယ်စုံတင်ပို့မှုမှ ကန်ဒေါ်လာ ၇၉ သန်းကျော်အထိရှိနေပါတယ်။

သွင်းကုန်အုပ်စုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ၊ လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံကျော်၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှ ကန်ဒေါ်လာ ၇၉၉ သန်းကျော်နဲ့ CMP သုံးကုန်စည်တွေတင်သွင်းမှုက ကန်ဒေါ်လာ ၅၃၁ သန်းကျော် တင်သွင်းထားပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့အထိ ပြည်ပပို့ကုန်ကန်ဒေါ်လာ ၄ ဘီလီယံကျော်အထိရှိခဲ့ပြီး သွင်းကုန်အနေနဲ့ ကန်ဒေါ်လာ ၄ ဒသမ ၂၇ ဘီလီယံကျော်အထိရှိတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနထုတ်ပြန်ချက်အရ သိရပါတယ်။

**Source: SFJ Strategy First Journal**

https://business.facebook.com/SFJWeekly/posts/2915153168571956?__tn__=K-R

## အိန္ဒိယနိုင်ငံသို့ မြန်မာ့ပဲမျိုးစုံ စဉ်ဆက်မပြတ်တင်ပို့ နိုင်ရေးဆွေးနွေး

မြန်မာနိုင်ငံမှပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ စဉ်ဆက် မပြတ်တင်ပို့သွားနိုင်ရေးနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် အိန္ဒိယနိုင်ငံ Chennai မြို့ရှိ မြန်မာ ကောင်စစ်ဝန် Prof. Ranganathan J နှင့်အဖွဲ့ တို့ကို ဇန်နဝါရီ ၃ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား စဉ်ဆက်မပြတ်တင်ပို့သွားနိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အချင်းချင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရေးတို့အတွက် ကုန်စည်ပြပွဲများ ပူးတွဲကျင်းပခြင်းနှင့် အပြန်အလှန် ဖိတ်ကြားခြင်းတို့ ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက် သွားရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍများ တိုးချဲ့နိုင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံအတွင်း မတ်ပဲတင်သွင်းခွင့်ကို တန်ချိန်လေးသိန်း သတ်မှတ်ထားပြီး တန်ချိန်တစ်သိန်းခွဲကို တင်ပို့ပြီးဖြစ် ကာ တင်သွင်းရန်ကျန်ရှိနေသည့် တန်ချိန်နှစ်သိန်းခွဲကို ဆက်လက်တင်သွင်းခွင့်ပြုထားရာ ယခုနှစ် မြန်မာပဲစိုက် တောင်သူများအတွက် ဈေးကောင်းရနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

Source:myanmar.mmtimes.com

## ဝဥစိုက်ကဏ္ဍ ပိုမိုတိုးတက်လာစေရေး စီမံကိန်းများချမှတ်ဆောင်ရွက်နေ

မြန်မာနိုင်ငံအတွင်းရှိ ဝဥစိုက်ကဏ္ဍ ပိုမိုတိုးတက်လာစေရေး မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFPV) နှင့် ခန Facility တို့ပူးပေါင်း၍ ချင်းပြည်နယ်တွင် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဝဥကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများသို့ တစ်နှစ်လျှင် တန်ချိန် ၁၀၀၀ ခန့် တင်ပို့ရောင်းချလျက်ရှိရာ လက်ရှိတွင် ဝဥအခြောက်များကို ပိုမိုတင်ပို့နေရပြီး စက်ဖြင့် အခြောက်ခံထားသည့် ဝဥဖြစ်ပါက ပုံမှန်ထက်ဈေးပိုရရှိ၍ ဝယ်ယူမှုလည်းများပြားကြောင်း သိရသည်။

လက်ရှိပြည်တွင်းဈေးကွက်၌ ဝဥဈေးရရှိမှုကောင်းမွန်နေပြီး တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၁၅၀၀ အထိ ပေါက်ဈေးရှိသောကြောင့် ချင်းပြည်နယ်ရှိ မြို့နယ်အများစုတွင် ဝဥစိုက်ပျိုးမှု မြင့်တက်လျက်ရှိကြောင်း MFPV အတွင်းရေးမှူး ဦးကျော်သူထံမှ သိရသည်။

အဆိုပါအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၇ ခုနှစ်မှစတင်ကာ ချင်းပြည်နယ်တောင်ပိုင်းတွင် ထောပတ်၊ ကော်ဖီနှင့် ဝဥကို စီမံကိန်းသီးနှံများအဖြစ် တိုးချဲ့လုပ်ဆောင်နေပြီး ဒေသခံ တောင်သူများကို စိုက်ပျိုးနည်းပညာများ၊ တန်ဖိုးမြင့်ထုတ်ကုန်များနှင့် ထုတ်လုပ်ခြင်းနည်းပညာများကို ဖြန့်ဝေနေသည့်အပြင် တစ်ရက်လျှင် တန်၂၀ ခန့် ထွက်ရှိမည့် အခြောက်ခံစက်ရုံကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

Source: The Myanmar Times,https://www.facebook.com/dootcheck.aleksander

## STOCK EXCHANGE (7.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 1,772 | 20,125,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,800 | 6,245 | 23,965,250 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 61 | 500,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 1 | 23,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,850 | 2,950 | 2,850 | 3,029 | 8,768,900 | 12,823,224 | 37,187 |


### Market summary

As of 7th Jan. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 456.80 | -1.42 | -0.31% | 468.12 | 468.12 | 456.80 | 11,108 | 53,382,850 | 5 | 625,503 |

**Index chart**



# Market Overview

As of 1:00 pm, 7th Jan. 2020

| MYANPIX | 456.80 ▼ 1.42 |
|---|---|
| Total Volume (shares) | 11,108 |
| Total Value (MMK) | 53 mil |
| Listed Company | 5 |
| Market Cap. (MMK) | 625,503 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR